ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

Karenni State Consultative Council (KSCC), Email: teamseckscc@protonmail.com

## ကရင်နီပြည်သူလူထုထံသို့ လုံခြုံရေးဆိုင်ရာ
## အသိပေး တိုက်တွန်းနိုးဆော်ချက်
## ၂၀၂၃ ခုနှစ်၊ မတ်လ (၄)ရက်

ကရင်နီပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် လဆန်းပိုင်းမှစတင်၍ စစ်ရေးအရှိန်များ မြင့်တက်လာလျှက်ရှိပြီး အာဏာသိမ်းစစ်ကောင်စီမှ လက်နက်ကြီးများ၊ တိုက်လေယာဉ်များဖြင့် အရပ်သားပြည်သူနေထိုင်ရာ ကျေးရွာများ၊ စစ်ရှောင်စခန်းများအတွင်း နေ့စဉ်နှင့်အမျှ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဗုံးကျဲခြင်းများ ပြုလုပ်နေလျှက်ရှိပြီး စစ်ရေးအရှိန်များလဲ ပိုမိုမြင့်တက်လာဖွယ်ရှိသည့်အတွက် ကရင်နီပြည်သူလူထုများအနေဖြင့် မိမိတို့၏လုံခြုံရေးအတွက် အောက်ပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်ပေးပါရန် ပန်ကြားလိုပါသည်။

### လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုအန္တရာယ်မှကာကွယ်နိုင်ရန်အတွက်

၁။ မိမိတို့၏ စစ်ရှောင်ရာနေရာ (သို့မဟုတ်) တောင်စောင်းများတွင် ဗုံးခိုကျင်းများ တူးထားရန်။

၂။ ဗုံးခိုကျင်းများကို

- အနည်းဆုံး အနက် (၅) ပေနှင့် လူဦးရေအလိုက်အကျယ်ကိုတူးပါ။
- ကောင်းမွန်ခိုင်ခံသည့် အကာအကွယ်တစ်ခုရရှိနိုင်ရန်အတွက် အချင်း (၁) ပေခန့် သစ်လုံး/တုံးများဖြင့် ဖုံးအုပ်ပါ။ နေရာမရွေ့စေရန် သစ်တုံးများကို သံကြိုး၊ သွပ်နန်းကြိုးများဖြင့် တွဲချည်ပါ။ ထိုသစ်တုံးများပေါ်တွင် မိုးကာ၊ ပျဉ်ပြားတို့ဖြင့် ဖုံးအုပ်ပြီး အနည်းဆုံး (၂) ပေနှင့်အထက်မြေဖို့ရန်။

၃။ တွင်းထဲသို့ အသင့်ဝင်ပုန်းနိုင်ရန်နှင့် အဝင်အထွက် အဆင်ပြေစေနိုင်ရန်အတွက် မြောင်းပြုလုပ်ရန်။

၄။ သောက်သုံးရေ၊ ရိက္ခာခြောက်၊ ဆေးဝါးများ၊ ဓါတ်မီး၊ မီးခြစ်၊ ဓါး၊ ဖုန်း၊ ပါဝါဘန်၊ အဝတ်အထည်၊ စောင်များ၊ အရေးကြီးသော စာရွက်စာတမ်းများကို မိမိတို့နှင့်အတူ တစ်ပါတည်း ပြင်ဆင်ထားကြရန်။

၅။ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ်ထုတ်ပြန်ချက်၊ သတိပေးချက်များကို အထူးဂရုပြုလိုက်နာဆောင်ရွက်ရန်။

၆။ တိုက်လေယာဉ်များ၏ အသံကိုကြားပါက (သို့မဟုတ်) တွေ့ရှိပါက ဗုံးခိုကျင်းများအတွင်းသို့ အမြန်ဆုံး ပုန်းရှောင်ကြရန်။

၇။ လမ်းပေါ်နှင့် ဟင်းလင်းပြင်များ အကာအကွယ်မဲ့သည့် မြင်ကွင်းထင်ရှားသည့်နေရာများသို့ ထွက်ကြည့် ခြင်းများကို ရှောင်ကြဉ်ကြရန်။

၈။ တိုက်ပွဲများ ဖြစ်ပွားနေသည့် ကာလအတွင်း မလိုအပ်ဘဲ သွားလာလှုပ်ရှားမှုများ မပြုလုပ်ကြရန်နှင့် ဘေးကင်းလုံခြုံရာနေရာများသို့ လုံခြုံရေးအသိသတိဖြင့် ရွှေ့ပြောင်းနေထိုင်ကြရန် နှင့်၊

၉။ မိမိတို့နေထိုင်ရာ နီးစပ်ရာ ကျေးရွာအုပ်စုများ၊ ရပ်ကွက်များ၊ မြို့နယ်များအတွင်း ပိတ်မိနေသူများကို တွေ့ရှိပါက လူသားချင်းစာနာမှုဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ဆောင်နေသည့် အသင်းအဖွဲ့များသို့ ချက်ချင်း ဆက်သွယ်အသိပေးကြပါရန် အထူးတိုက်တွန်းနိုးဆော်လိုက်ပါသည်။

ကရင်နီနယ်ပြည်အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council